မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

ကြေညာချက်အမှတ် ( ၉ / ၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

**မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (P.E) နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ (R.S.E) လက်မှတ်လျှောက်ထားခြင်းတို့အတွက် လူတွေ့စစ်ဆေးမှု (Professional Interview) နှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်**

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် ကောင်စီဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (P.E) နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ (R.S.E) လက်မှတ်လျှောက်ထားမှုများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ ဖြင့် လုပ်သက်ရှိဝါရင့်အင်ဂျင်နီယာများ၊ ဝါရင့်ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများအား ရေးဖြေစာမေးပွဲဖြေဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ အရ ရေးဖြေစာမေးပွဲကင်းလွတ်ခွင့်ဖြင့် P.E နှင့် R.S.E လက်မှတ်လျှောက်ထားခဲ့ပြီး Competency Report များ ရေးသားတင်သွင်းခဲ့ကြသူများအနက် အချို့သောပုဂ္ဂိုလ်များသည် လူတွေ့စစ်ဆေးမှုခံယူရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဆက်သွယ်၍မရရှိခြင်းနှင့် ကောင်စီသို့ ဆက်သွယ်လာမှုမရှိခြင်းတို့ကြောင့် ယခုတိုင် ကင်းကွာလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ်-၂ တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များအနေဖြင့် လူတွေ့စစ်ဆေးမှုဆက်လက်ခံယူသွားရန်ဆန္ဒရှိပါက E-mail: assessmentcommittee.mengc@gmail.com သို့ **၃၁-၃-၂၀၂၄** ရက်နေ့ နောက်ဆုံး (**နောက်ဆုံး**) ထား၍ ဆက်သွယ်အကြောင်းကြားရန်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း ဆက်သွယ်အကြောင်းကြားမှု မရှိသူများအား Report လက်ခံရရှိထားသည့်စာရင်းမှ အပြီးတိုင်ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)

(ဌေးဦး၊ တွဲဖက်အတွင်းရေးမှူး-၂)

စာအမှတ်၊ မအကစ / စီမံ / ၀၂၁၆ / ၂၀၂၄

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

**ဖြန့်ဝေခြင်း** - အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ အရ ရေးဖြေစာမေးပွဲကင်းလွတ်ခွင့်ဖြင့် P.E နှင့် R.S.E လက်မှတ်လျှောက်ထား၍ Competency Report တင်သွင်းထားသူများ

မိတ္တူကို-

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- ဒုတိယဥက္ကဋ္ဌ-၁၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- အတွင်းရေးမှူးအဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- ဥက္ကဋ္ဌ၊ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ
- မှတ်ပုံတင်အရာရှိချုပ်ရုံးအဖွဲ့
- အမိကစာတွဲ
- ရုံးလက်ခံ / မျှောစာတွဲ